မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာခြေရာခံစီမံကိန်း

Adidas Group ၏ ဖြေကြားချက်များ

(၁) မေးခွန်း - သင်တို့၏ကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ(သို့)လုပ်ငန်းများရှိပါသလား။ သို့တည်းမဟုတ် ထိုသို့ပြုလုပ်ရန် အလေးအနက်စဉ်းစားနေပါသလား။ အကယ်၍ အစီအစဉ်ရှိပြားအံ့၊ ထိုရင်းနှီးမြှုပ်နှံမှုများ၏ သဘောသဘာဝနှင့် ပတ်သက်သော အချက်အလက်များပေးပို့စေလိုပါသည်။ ထို့ပြင် မည်သည့်နယ်မြေဒေသများနှင့် လူထုလူတန်းစားများအား အကျိုးသက်ရောက်မှုရှိသည်ကိုလည်း ဖော်ပြစေလိုပါသည်။

အဖြေ-၁ - adidas Group သည် မြန်မာနိုင်ငံတွင် တိုက်ရိုက်အားဖြင့် ရင်းနှီးမြှုပ်နှံထားမှု မရှိပါ။ လတ်တလော အချိန်တွင် လုပ်သား ၃၁၃ ဦးဖြင့် လည်ပတ်နေသော ဖိနပ်ထုတ်လုပ်ရေးလုပ်ငန်း စက်ရုံတစ်ခုမှ ကျွန်ုပ်တို့အား ကုန်ပစ္စည်းပေးသွင်းနေပါသည်။ ထိုစက်ရုံသည် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်ရှိ အနော်ရထာစက်မှုဇုံတွင် တည်ရှိပါသည်။

အခြားသော စီးပွားဖက်များနှင့် လိုင်စင်ရသူများသည်လည်း မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းများ စတင်ထူထောင်ရန် အခွင့်အလမ်းများကို ရှာဖွေနေပါသည်။

လုပ်ငန်းလည်ပတ်နေစဉ်တွင် တစ်နှစ်လျှင်နှစ်ကြိမ် ပြင်ဆင်ထုတ်ပြန်သော ကုန်ပစ္စည်းပေးသွင်း သူများစာရင်း၊ ထုတ်လုပ်ရေးဆိုင်ရာအစီအမံနှင့် ပံ့ပိုးမှုများကို အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးပါမည်။ http://www.adidas-group.com/en/sustainability/supply-chain/supply-chain-structure/ တွင်လည်း ကြည့်ရှုနိုင်ပါသည်။

(၂) မေးခွန်း - သင့်အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လူမှုရေးဆိုင်ရာပဋိပက္ခများ ဖြစ်ပွားမှုမှ အကာအကွယ်အထောက်အပံ့ဖြစ်စေမည့် စီမံချက်များ၊ လုပ်ငန်းမူဝါဒများထားရှိပါသလား။ (ဥပမာ - လူ့အခွင့်အရေးတိုးတက်မှုအတွက် ကြိုးစားအားထုတ်ခြင်းများ အပါအဝင်)

အဖြေ- ၂ ကျွန်ုပ်တို့သည် ၂နှစ်တစ်ကြိမ် လုပ်ငန်းသုံးသပ်ပြီး နိုင်ငံတစ်ဝှမ်းမှ ကုန်ပစ္စည်းများရရှိနိုင်ရေး အတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၊ အစိုးရအဖွဲ့အစည်းများ ဒေသတွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ စီးပွားဖက်လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးများ မဖြစ်ပေါ်စေရန် လိုအပ်သော အစီအမံများကို ထားရှိပါသည်။

ကျွန်ုပ်တို့အား ကုန်ပစ္စည်းပေးသွင်းသူများအား ကြိုတင်လေ့လာစုံစမ်းမှုတစ်ရပ်အဖြစ် စံပြုလောက်သော မူဝါဒများ၊ မူဆောင်များနှင့် အညီဆောင်ရွက်ခြင်းရှိ/မရှိအား လေ့လာပါသည်။ ယင်းမူဘောင်များထဲတွင် အခြေခံလုပ်သားအခွင့်အရေး၊ အဓမ္မစေခိုင်းမှု၊ ကလေးလုပ်သား၊ ဘေးကင်းလုံခြုံရေး အစီအမံများ

စသည်တို့ပါဝင်ပါသည်။ ထိုမူဘောင်များကို http://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/.တွင်လေ့လာနိုင်ပါသည်။

အသေးစိတ်ကို(http://www.adidas-group.com/media/filer_public/2013/11/25/
enforcement_guideline_nov_ 2013_en.pdf.) တွင်လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံအတွက် ထပ်မံတိုးချဲ့ထားသော အစီအမံများ လည်းရှိပါသည်။ ကျွန်ုပ်တို့အား ကုန်ပစ္စည်းပေးသွင်းသူများသည် မြေယာပိုင်ဆိုင်ခွင့်၊ လူအဖွဲ့အစည်းပေါ်သက်ရောက်မှုများ၊ နေရာရွှေ့ပြောင်းခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုတို့အတွက် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုမှ သုံးသပ်ချက်များပေးရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ စီးပွားဖက်များသည် အမေရိကန်ပြည်ထောင်စုမှ ကန့်သတ်တားမြစ်ထားသော စာရင်းထဲတွင်မပါဝင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ခွင့်ပြုထားသော အားနည်းသည့် ခွင့်ပြုချက်စနစ်များကြောင့် အဆောက်အဦးအားလုံးအတွက် သီးခြားလွတ်လပ်သော အင်ဂျင်နီယာဆိုင်ရာ အကဲဖြတ်ချက်များသည် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရပါမည်။

မြေယာရာဖွေခြင်းအတွက် မြန်မာနိုင်ငံဆိုင်ရာ သီးခြားမူဘောင်များ၊ အဖွဲ့တွင်းဆောင်ရွက်ဖွယ်ရာများအား အများပြည်သူသို့ ထုတ်ပြန်ထားခြင်းမရှိပါ။ သို့ရာတွင် အကောင်းဆုံးလုပ်နည်း လုပ်ဟန်ဖြစ်စေရန် အမေရိကန် အစိုးရအား အထက်ပါအချက်အလက်များကို ပေးပို့ပါသည်။

(၃) မေးခွန်း - မေးခွန်း(၂)တွင် ဖြေကြားထားသော မူဝါဒနှင့် အစီအမံများအား သေချာစွာ အကောင်အထည်ဖော်ရာတွင် သင်တို့၏ ကုမ္ပဏီမှ တာဝန်ခံ၍ ဦးဆောင်မည့် ပုဂ္ဂိုလ်မှာ မည်သူဖြစ်ပါသနည်း။

အဖြေ -၃-လူ့အခွင့်အရေးကိစ္စရပ်များပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သတ်သည့် မည်သည့်ရင်းနှီးမြှုပ်နှံမှုများမဆို (သို့မဟုတ်) စီမံဆောင်ရွက်ချက်များမဆို ကျွန်ုပ်တို့ကုမ္ပဏီ၏ အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်သည့် ဥပဒေနှင့် ညှိနှိုင်းရေးများအတွက် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ဌာနမှ စိစစ်ရပါသည်။

အာရှဒေသအတွင်း လုပ်ငန်းအတွက် မူဝါဒများ၊ အစီအမံများအား လိုက်နာဆောင်ရွက်ခြင်း ကိုတာဝန်ရှိသူမှာ William Andeson

ဒု-ဥက္ကဌ

လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဌာန

အာရှပစိဖိတ်ဒေသ ဖြစ်ပါသည်။

(၄) မေးခွန်း - သင်တို့ကုမ္ပဏီတွင် လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့်အစီအမံများ အသင့်မရှိသေးပါက ၎င်းမူဝါဒနှင့် အစီအမံများကို ချမှတ်ရန် အစီအစဉ်ရှိပါသလား။ အကယ်၍ အစီအစဉ် ရှိလျှင် လတ်တလော အခြေအနေ၌ မည်သည့်အားထုတ်မှုမျိုးပြုလုပ်ထားပြီးဖြစ်ပါသနည်း။ (သို့မဟုတ်) မည်သည့် အစီအမံများ ချမှတ်နေပါသနည်း။

အဖြေ -၄- လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျွန်ုပ်တို့တွင် စနစ်တကျ ပြုစုထားသော မူဂါဒနှင့် အစီအမံများ ရှိပြီးဖြစ်ပါသည်။ ယခင်ဖြေဆိုချက်များကို ပြန်လည်ညွှန်းဆိုလိုပါသည်။

(၅) မေးခွန်း - လက်နက်ကိုင်ပဋိပက္ခများ၊ လူမှုပဋိပက္ခများနှင့် အကြမ်းဖက်မှုများ စသည်တို့ အပါအဝင် ဖြစ်သော လူ့အဖွဲ့အစည်းနှင့် သင်တို့၏စီမံကိန်းများအား အကျိုးသက်ရောက်စေသည့် ပဋိပက္ခများကို လျော့ပါးစေရန် (သို့) ကာကွယ်ရန် သင်တို့၏ ကုမ္ပဏီသည် မည်သို့အားထုတ်ပါသနည်း။

သင်တို့၏ မူဂါဒများ အစီအမံများအား ပြုစုဖော်ပြပေးနိုင်ပါမည်လား (သို့မဟုတ်) ၎င်းတို့နှင့် ပတ်သက်သည့် ဆောင်ရွက်ချက် အကျဉ်းအား ဖော်ပြပေးနိုင်ပါမည်လား (လူ့အဖွဲ့အစည်းတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆွေးနွေးညှိနှိုင်းမှုများနှင့် အခွန်အခမျှဝေပေးရေးဆိုင်ရာ သဘောတူညီချက်များ အပါအဝင်)

အဖြေ -၅- ဤမေးခွန်းသည် ကုန်ထုတ်လုပ်ငန်းများထက် သယံဇာတဆိုင်ရာ လုပ်ငန်းများကို တိုက်ရိုက်ရည်ရွယ်ပုံရပါသည်။

(ကျွန်ုပ်တို့ထံ ကုန်ပစ္စည်းပေးသွင်းသူများ လိုက်နာဆောင်ရွက်ရန် မူဘောင်များအဖြစ်) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဂါဒနှင့် အစီအမံများ အသင့်ရှိနေပါသည်။

ကျွန်ုပ်တို့မျှော်မှန်းချက်များ အကောင်အထည်ဖော်ရန်နှင့် ပဋိပက္ခများ လျော့နည်းစေရန်အတွက် ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများနှင့် ဆက်စပ်လုပ်ဆောင်ရွက်ခြင်းမှာ အလွန်အရေးပါပါသည်။

(၆) မေးခွန်း - သင်တို့၏ ရင်းနှီးမြှုပ်နှံမှုများနှင့် စီမံချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်း အသီးသီးနှင့် အရပ်ဖက်အဖွဲ့အစည်းများသည် မေးမြန်းစုံစမ်းရန် ရှိလာလျှင် မည်သူနှင့် ဆက်သွယ်သင့်ပါသနည်း။ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်နှင့် ဆိုင်သော အချက်အလက်များပေးစေလိုပါသည်။

အဖြေ -၆- Ms.Akkaphan Rammanee (J.b)

ဒါရိုက်တာ-

နယ်မြေခံ စီမံကိန်း (အရှေ့တောင်အာရှ)

လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဌာန

M: + 66 81 854 4743

W: + 66 2 655 4300 Extension 1504

Email: Akkaphan.Rammanee@adidas-Group.com ဖြစ်ပါသည်။

(၇) မေးခွန်း - သင်၏လုပ်ငန်းနှင့် ပတ်သက်သော ပိုမိုတိကျသည့် မေးခွန်းများကို ဖြေကြားပေးစေလိုပါသည်။ အောက်ဖော်ပြပါ နယ်ပယ်များအတွက် မူဂါဒများနှင့် စီမံချက်များ သင့်တို့ကုမ္ပဏီတွင် အသင့်ရှိပါသလား။ ရှိလျှင် အသေးစိတ်ဖြေကြားပေးစေလိုပါသည်။

(က) လွတ်လပ်စွာစုဝေးခွင့်နှင့် စုပေါင်းတောင်းဆိုမှုများပြုလုပ်နိုင်ခွင့်
(ခ) ပုံမှန်လူနေမှုအဆင့်အတန်းနှင့် လျော်ညီသောလုပ်ခလစာ
(ဂ) လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု
(ဃ) ကလေးသူငယ်အလုပ်ခိုင်းစေမှု
(င) အတင်းအဓမ္မအလုပ်ခိုင်းစေမှု
(စ) ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး (ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား စသည်ဖြင့်)
(ဆ) သဘာဂပတ်ဂန်းကျင်ဆိုင်ရာ
(ဇ) မြေယာအခွင့်အရေး
(ဈ) ပြန်လည်နေရာချထားရေး
(ည) ဘေးကင်းလုံခြုံမှု

(ဋ) ဒေသခံတိုင်းရင်းသားများ

အဖြေ(၇)

(က) ကျွန်ုပ်တို့၏စံသတ်မှတ်ထားသောမူဘောင်များကိုhttp://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(ခ) ကျွန်ုပ်တို့၏စံသတ်မှတ်ထားသောမူဘောင်များကိုhttp://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(ဂ)ကျွန်ုပ်တို့၏စံသတ်မှတ်ထားသောမူဘောင်များကိုhttp://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(ဃ)ကျွန်ုပ်တို့၏စံသတ်မှတ်ထားသောမူဘောင်များကိုhttp://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(င)ကျွန်ုပ်တို့၏စံသတ်မှတ်ထားသောမူဘောင်များကိုhttp://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(စ) ကျွန်ုပ်တို့၏စံသတ်မှတ်ထားသောမူဘောင်များကို http://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(ဆ) ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဘောင်များကို (http://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(ဇ) မြန်မာနိုင်ငံအတွက်သီးသန့်ချမှတ်ထားသောမူဘောင်များရှိပါသည်။ မြေယာရယူပိုင်ဆိုင်ခြင်းနှင့် ပြန်လည်နေရာချထားရေးတို့ စပ်လျဉ်းပြီး IFC ၏စံသတ်မှတ်ချက်အမှတ်စဉ်(၅)ကို ကိုးကားပါသည်။ http://www.ifc.org/wps/wcm/connect/c8f524004a73daeca09afdf998895a12/IFC_Performance_Standards.pdf?MOD=AJPERES တွင်ဖတ်ရှုနိုင်ပါသည်။

(ဈ) မြန်မာနိုင်ငံအတွက်သီးသန့်ချမှတ်ထားသောမူဘောင်များရှိပါသည်။ မြေယာရယူပိုင်ဆိုင်ခြင်းနှင့် ပြန်လည်နေရာချထားရေးတို့ စပ်လျဉ်းပြီးIFC ၏စံသတ်မှတ်ချက်အမှတ်စဉ်(၅)ကို ကိုးကားပါသည်။ http://www.ifc.org/wps/wcm/connect/c8f524004a73daeca09afdf998895a12/IFC_Performance_Standards.pdf?MOD=AJPERES တွင်ဖတ်ရှုနိုင်ပါသည်။

(ည) ဤမေးခွန်းများထဲတွင် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး တို့မပါဝင်ကြောင်း သတိပြုမိပါသည်။ ကျွန်ုပ်တို့၏ ဘေးကင်းလုံခြုံရေး ဆိုင်ရာ မူဘောင်များကို http://www.adidas-group.com/en/sustainability/supply-chain/standards-and-policies/ တွင်ဖတ်ရှုနိုင်ပါသည်။

(ဋ) ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းမှုကို သက်ရောက်စေမည့် ကိစ္စရပ်များတွင် မြန်မာနိုင်ငံအတွက် သီးသန့်ချမှတ်ထားသောမူဘောင်များရှိပါသည်။ ၎င်းနှင့် စပ်လျဉ်းပြီးIFC ၏ စံသတ်မှတ်ချက် အမှတ်စဉ်(၇)ကို ကိုးကားပါသည်။
http://www.ifc.org/wps/wcm/connect/c8f524004a73daeca09afdf998895a12/IFC_Performance_Standards.pdf?MOD=AJPERES တွင်ဖတ်ရှုနိုင်ပါသည်။